# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၊ ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လေဆိပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၉၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့** *ဖတ် စ ရာ*

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ — ပြည်တွင်းသတင်း စာ ၂

မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆီသို့ (၁) — ဆောင်းပါး စာ ၉၊၁၀

# ဒီရေတောများ ကာကွယ်ထိန်းသိမ်း စိုက်ပျိုးပြုစုရာတွင် စုပေါင်းပါဝင်

မြန်မာနိုင်ငံသည် ဒီရေတောအများအပြားရှိသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံးပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်း ကမ်းဦးရေတိမ်ပိုင်း ကမ်းတက်မြေများနှင့် ပင်လယ်ဒီရေဝင်ရောက်သော မြစ်ချောင်းကမ်းစပ်များတွင် သဘာဝအလျောက် ပေါက်ရောက်နေသော တောများဖြစ်ပြီး လူနှင့် အခြားသက်ရှိဇီဝမျိုးစုံတို့အတွက် လွန်စွာအရေးပါသည့်တိုင် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးဆုံးရှုံးနေရသည့် သယံဇာတများလည်းဖြစ်သည်။

ဒီရေတောတွင် ပေါက်ရောက်သော အပင်များသည် တန်ဖိုးမရှိဟု သာမန်အားဖြင့် ထင်မြင်ရသော်လည်း ၎င်းအပင်များ၏ ထူးခြားသောအမြစ်များနှင့် တစ်စုတစ်ဝေးတည်း ထူထပ်စွာ ပေါက်ရောက်မှုတို့ကြောင့် ဒီရေလှိုင်းများ၏ ရိုက်ခတ်မှုကို ခံနိုင်ရည်ရှိပြီး ကမ်းပြိုမှုကို ကာကွယ်ပေးနိုင်သည်။ ဒီရေတောများအတွင်း ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေသတ္တဝါများ ရှင်သန်ကျက်စားခြင်း၊ သားပေါက်မျိုးပွားခြင်းတို့ကြောင့် ငါး၊ ပုစွန်စသော ရေထွက်သယံဇာတများကို တိုးပွားစေနိုင်သည်။ ထို့အပြင် ဒီရေတောများသည် ပင်လယ်ထဲသို့ စီးသွားမည့် အညစ်အကြေး၊ အနယ်အနှစ်များကို စစ်ယူထားသည့်နေရာများလည်းဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွင် အရေးပါသည့် ကာဗွန်ကို အဓိကသိုလှောင်ထားရာ နေရာများလည်းဖြစ်သည်။ ဒီရေတော၏ အောက်ခြေသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် အခွံမာရေသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ နေထိုင်ကြသကဲ့သို့ သစ်ပင်များထက်တွင်လည်း ကမ်းရိုးတန်းငှက်မျိုးစိတ်အများအပြားနှင့် ရွှေ့ပြောင်းနေထိုင်သောငှက်မျိုးစိတ်များ ကောင်ရေထောင်နှင့်ချီ၍ ရှင်သန်နေထိုင်ကျက်စားလျက်ရှိရာ ဒီရေတောများသည် မုန်တိုင်း၊ ဒီရေလှိုင်း၊ ဆူနာမီ စသည့်သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်သည့် အစိမ်းရောင်တံတိုင်းကြီးများဖြစ်ကြပြီး ဇီဝမျိုးစုံမျိုးကွဲ များ၏ အစိမ်းရောင်ကမ္ဘာငယ်များဟုလည်း ဆိုနိုင်သည်။

ဒီရေတောများ ပျက်စီးဆုံးရှုံးရခြင်း၏ အကြောင်းများတွင် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်း၍ လယ်မြေများအဖြစ် ပြောင်းလဲခြင်း၊ ပုစွန်ကန်၊ ငါးကန်များ တူးဖော်ခြင်း၊ ဆားကွင်းများအဖြစ် ပြောင်းလဲခြင်း၊ မျောတိုင်များ ခုတ်ယူခြင်း၊ ထင်းမီးသွေးထုတ်ယူခြင်း စသည်ဖြင့် အလွန်အကျွံထုတ်ယူခြင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။ ဒီရေတောများ၏ တန်ဖိုးနှင့် အရေးပါပုံတို့ကို ဒေသခံပြည်သူများနှင့် ဒီရေတောကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုနေကြသူများက ကောင်းစွာသိရှိနားလည်ကြသည့်အလျောက် ထိန်းသိမ်းစောင့်ရှောက်သွားလိုကြပြီး ပြင်ပမှလာရောက်၍ ခုတ်လှဲထုတ်ယူမှုများ၊ အခြားစီးပွားရေးလုပ်ငန်းများအတွက် ခုတ်ထွင်ရှင်းလင်းမှုများကို ထိထိရောက်ရောက် တားဆီးပေးစေလိုကြသည်များရှိကြောင်းကိုလည်း သိရှိရသည်။

ယခုအခါ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးတွင် အရေးပါသောသဘာဝဒီရေတောများမပျက်စီးမလျော့နည်းစေရန် ကာကွယ်ထိန်းသိမ်းပြီး ဒီရေတောပေါက်ရောက်ရာဒေသကြီးများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့အပါအဝင် ဒေသများတွင် ဒီရေတောများကို စိုက်ပျိုးလျက်ရှိသည်။ ကမ်းရိုးတန်းဒေသများ ကမ်းပြိုမြေပြိုတိုက်စားခံရမှုမှ ကာကွယ်ရေး၊ ရေလှိုင်းဒဏ်နှင့် မုန်တိုင်းဒဏ်တို့မှ ကာကွယ်ရေး၊ ငါး ပုစွန် ရေသယံဇာတများ ပေါများရေးတွင် အရေးပါသည့် ဒီရေတောများ မပျက်မစီးစေရန် ထိန်းသိမ်းရာတွင်လည်းကောင်း၊ ဒီရေတောများ ထပ်မံစိုက်ပျိုးရာတွင်လည်းကောင်း၊ ဒေသခံပြည်သူများ၊ အစုအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သန့်စင်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်၏ နေရာတွင် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ် ကို ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၇၈ ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ ခုနှစ်တွင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံရှိ ဆိုဗီယက်သံရုံး၊ မလေးရှားနိုင်ငံရှိ ဆိုဗီယက်သံရုံးနှင့် အမေရိကန်ပြည်ထောင်စုရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်သည် တရုတ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားတစ်ဦးရှိသည်။

သတင်းစဉ်

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၊ ဥပဒေများစာအုပ်ထုတ်ဝေ

**နေပြည်တော် ဇွန် ၁၄**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့် အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၂ ခုနှစ်၊ ဥပဒေများစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၂ ခုနှစ်၊ ဥပဒေများစာအုပ်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း ၄၉ ခု ပါဝင်သည်။

အဆိုပါ ၂၀၂၂ ခုနှစ်၊ ဥပဒေများစာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ/စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထို့ကဲ့သို့ သီဆိုကပြ ဖျော်ဖြေသော စစ်သည် / စစ်သမီးများအား တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



❐ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး ကုန်တင်သင်္ဘောများ ဆိုက်ရောက်နေမှု၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက ဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် တာဝန်ရှိသူများက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင် တည်ဆောက်နေမှု၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းများနှင့် ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမိုးပြုပြင်ခြင်းလုပ်ငန်းအား တစ်လအတွင်း ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ပြုပြင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ် အတွင်း/အပြင် ဥပမိရုပ် ကောင်းမွန်အောင် သန့်ရှင်းရေး ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားပြီး မဟာတန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ တက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၈၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပိုင်း ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်တွေတက္ကသိုလ်ရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်လွင်က မိုခါမုန်တိုင်းဒဏ်ကြောင့် သားဖွားမီးယပ်လူနာဆောင်၊ ကိုဗစ်-၁၉ လူနာဆောင်၊ ကျောက်ကပ်သန့်စင်ဌာန၊ သွားနှင့် ခံတွင်းရောဂါကုဌာနနှင့် ဝန်ထမ်းအိမ်ရာများ ခေါင်မိုးပျက်စီးမှု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း နှစ်ထပ်ဆောင်နှင့် တိုင်းရင်းဆေးရုံတိုးချဲ့ နှစ်ထပ်ဆောင် ပျက်စီးမှုတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ သက်တော် (၁၀၅) နှစ်၊ ဝါတော် (၈၅) ဝါရှိ ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏအား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဆေးရုံအတွင်း ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကျောက်ကပ်သန့်စင်ဌာနစိတ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုခြင်း အခမ်းအနားသို့ တက်ရောက်သည်။

> “ နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း “ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဟူသော စကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင်ဖြစ် ”

**အမြော်အမြင်ရှိစွာဖြင့် ကြိုတင်ပြင်ဆင်**

အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ အနေဖြင့် ကိုယ်ကျိုးစီးပွားကို လျစ်လျူရှု၍ အနစ်နာခံပြီး အားကြိုးမာန်တက် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ အာဆီယံအပါအဝင် နိုင်ငံတကာက ပြင်းထန်၍ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်နိုင်သည်ဟု မျှော်လင့်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်၍ အမြော်အမြင်ရှိစွာဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လေဖိအားနည်း စတင်ဖြစ်ပေါ်ခဲ့သည့် မေ ၆ ရက်မှစ၍ Disaster Management Centre-DMC ကိုဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီး မေ ၈ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

**အားတက်သရော ဝင်ရောက်ကူညီ**

ပြည်သူများ တစ်ဦးတစ်ယောက် မကျန် ဘေးအန္တရာယ်ကင်းရှင်းစေရန် ပြင်ဆင်စုဖွဲ့မှုများ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်များအရ လိုအပ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ နာဂစ်မုန်တိုင်း၏ သင်ခန်းစာများကို ရယူကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၄ ရက်တွင် မုန်တိုင်းဝင်ရောက်ခဲ့သော်လည်း မိမိတို့အနေဖြင့် မေ ၆ ရက်နေ့ကတည်းကပင် Function ဖြစ်အောင် ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီရေစတက်ချိန် ဖြစ်ပေါ်ခဲ့၍လည်း ထိခိုက်မှုနည်းခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သတ်မှတ်ချိန်ထက်စော၍ အနီရောင်အဆင့် ကြေညာခဲ့သဖြင့် ကြိုတင်ရွှေ့ပြောင်းမှုအား အချိန်စောစွာ ရွှေ့ပြောင်းနိုင်ခဲ့သောကြောင့် ထိခိုက်သေဆုံး ဆုံးရှုံးမှုကို အနည်းဆုံး လျှော့ချနိုင်ခဲ့ကြောင်း၊ မုန်တိုင်းအလွန်ကာလ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အနေအစားဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မှာကြားခဲ့ကြောင်း။

**မိမိဒေသအကျိုးအတွက် အပြည့်အဝပူးပေါင်း**

ယခုကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှု မြင်ကွင်းနှင့် ယခု တစ်လပြည့်ကာလ ပြန်လည်ထူထောင်ပြီးစီးမှု မြင်ကွင်းသည် ဝမ်းသာအားရ ကျေနပ်ဖွယ်ပြောင်းလဲနေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏အစီအမံဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ ဒေသအကျိုးဆောင်ရွက်ရာတွင် ပြည်သူသည် ထာဝရ၊ ဝန်ထမ်းသည် တစ်ခဏသာဖြစ်၍ မိမိဒေသ အကျိုးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။ *စာမျက်နှာ ၆ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

- ပြန်လည်ထူထောင်ရေးကာလအတွင်း တာဝန်ယူဆောင်ရွက်နေသော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မြင်သာသော တိုးတက်မှုများတွေ့ရ
- အလားတူ မောင်တောနှင့် ဘူးသီးတောင်တို့တွင်လည်း တိုးတက်မှုများစွာတွေ့ရှိ

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က မိုခါမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့မှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်များ၊ ဆက်သွယ်ရေးကဏ္ဍဆောင်ရွက်မှုအခြေအနေများ၊ စစ်တွေမြို့တွင်း ကေဘယ်ကွန်ရက်များ ပြုပြင်မှုအခြေအနေများ၊ လျှပ်စစ်ကဏ္ဍ ဆောင်ရွက်မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားအမြန်ရရှိရေး ပြင်ဆင်စုဖွဲ့ ဆောင်ရွက်နေမှု၊ သောက်သုံးရေရရှိရေးကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပညာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လမ်းတံတားကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိဖြန့်ခွဲမှုအခြေအနေများနှင့် အလှူငွေများ လက်ခံရရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုအပေါ် ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

**တိုးတက်မှုများစွာ တွေ့ရှိရ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပြန်လည်ထူထောင်ရေးကာလအတွင်း တာဝန်ယူဆောင်ရွက်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မြင်သာသော တိုးတက်မှုများ တွေ့ရကြောင်း၊ အလားတူ မောင်တောနှင့် ဘူးသီးတောင်တို့တွင်လည်း တိုးတက်မှုများစွာ တွေ့ရှိရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံမှုကောင်းစွာဖြင့် တာဝန်ရှိသူများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီသော မျိုးစပါးများ အချိန်မီရောက်ရှိအောင် စီမံပေးလျက်ရှိပြီး အမှန်တကယ်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် စိုက်နည်းလေးသွယ်နှင့်အညီ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးထွန်ယက်ရေးအသုံးပြုရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း လိုအပ်သော မြို့နယ်များသို့ လယ်ထွန်စက် ၈၅ စီးဖြင့် ထွန်ထယ်လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီမံထားပြီးဖြစ်ကြောင်းနှင့် လက်တွန်းလယ်ထွန်စက်များအား ထပ်မံပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအလိုက် အဆောက်အဦများ ပြုပြင်ရာတွင် ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုပြီး ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သော မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်သူအားလုံး လုံလောက်စွာ စားသောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး စားသောက်ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များအား တစ်ပိုင်တစ်နိုင်နှင့် တစ်အုပ်တစ်မ စီးပွားဖြစ် မွေးမြူစိုက်ပျိုးနိုင်ရေး ထုတ်လုပ်နိုင်စေရန် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပေါင်းစပ်လျက် စတင်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် မတည်အရင်းအနှီးကိစ္စ၊ ခြံကွက်စနစ်မွေးမြူနိုင်ရေး လိုအပ်သော အဆောက်အဦ ဆောက်လုပ်ရေးကိစ္စနှင့် နည်းပညာနှင့် သွင်းအားစု စသည်တို့အား ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အမြန်ဆုံးစတင်အကောင်အထည်ဖော်ရန်လိုပါကြောင်း၊ Demand and Supply လိုအပ်ချက်အရ Demand ရှိပြီး Supply မရှိပါက သို့မဟုတ် မလုံလောက်ပါက ကုန်ဈေးနှုန်းမှာလည်း အလိုအလျောက် ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တစ်ဖက်ကလည်း ကုန်ဈေးနှုန်းကြီးမြင့်မှု မဖြစ်စေရေး အထောက်အကူပြုသလို တစ်ဖက်ကလည်း ဒေသအတွက် အသား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုကြောင်း၊ ယင်းသို့ လုပ်ဆောင်မှုသည် Cash For Work Program တစ်ခုအဖြစ် ဖော်ဆောင်ရာရောက်ပါကြောင်း၊ စားရေရိက္ခာ ပြည့်ဝဖူလုံမှုသာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ ဝမ်းရေးအတွက် အဓိကလိုအပ်သည့် မိုးစပါးစိုက်ပျိုးရေးကိုလည်း အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

**လျှပ်စစ်ဓာတ်အား အမြန်ဆုံးပေးနိုင်ရန်ကြိုးပမ်း**

ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် ရေဒီယိုစခန်း ၁၂၃၃ ခုရှိသည့်အနက် ၈၉၂ ခု ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်၍ ၉၉ ဒသမ ၀၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လျှပ်စစ်ကဏ္ဍအနေဖြင့် ပုဏ္ဏားကျွန်း – စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းမှ ဇွန် ၆ ရက်တွင် စစ်တွေ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၁)သို့လည်းကောင်း၊ ဇွန် ၈ ရက်တွင် စစ်တွေဓာတ်အားခွဲရုံ အမှတ်(၂) ဆက်ရိုးကျဓာတ်အားခွဲရုံသို့လည်းကောင်း ဓာတ်အားများ ပို့လွှတ်ခဲ့ပြီး စုစုပေါင်း ထရန်စဖော်မာ ၂၄၅ လုံးဖြင့် စစ်တွေမြို့အတွင်း ရပ်ကွက် ၃၃ ရပ်ကွက်သို့ ရာနှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ပုဏ္ဏားကျွန်း ၁၀/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံမှ စုစုပေါင်းထရန်စဖော်မာ ၂၉ လုံးဖြင့် ဇွန် ၇ ရက်တွင် မြို့ပေါ်ရပ်ကွက်များအားလုံးသို့ ရာနှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်၍လည်း ကျန်ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအား ဇူလိုင်လ ပထမပတ်အပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ယာဉ် ၁ စီး၊ တစ်နာရီ သန့်စင်ရေ ဂါလန် ၈၀၀ ထွက်ရှိသော ရွေ့လျားရေသန့်စင်ကား ၆ စီးကို စစ်တွေ၊ မင်းပြား၊ ရသေ့တောင်မြို့များတွင် ဖြန့်ခွဲထားပြီး တစ်ရက်လျှင် ရှစ်နာရီကြာ ရေဂါလန် ၃၂၀၀၀ ခန့် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း သောက်သုံးရေ လုံလောက်စွာရရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍လည်း စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိပြီးဖြစ်သည့် Life Straw အလုံး ၂၀၀ နှင့် Mobile ရေတင်စက်များကိုလည်း အမြန်ဆုံး ဖြန့်ဝေပေးရန်လိုကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သက်တော် (၁၀၅) နှစ်၊ ဝါတော် (၈၅) ဝါရှိ ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏ အား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားကာ အလှူငွေများ လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ပဏ္ဍိတနန္ဒာရာမ ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တနန္ဒသီရိ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

ပညာရေးနှင့် ပတ်သက်၍ မုန်တိုင်းကြောင့် ကျောင်းပေါင်း ၁၅၈၃ ကျောင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ အစီအမံအရ အထက်တန်းအဆင့်များ ဦးစားပေး ပြင်ဆင်၍ ဇွန် ၁ ရက်နေ့အမီ ဖွင့်လှစ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသူအားလုံး KG+9 အောင်မြင်ရန် မူဝါဒနှင့်အညီ ပညာရေးကို အလေးထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဇွန် ၁ ရက်တွင် ကျောင်းများ ဖွင့်လှစ်ခဲ့ခြင်းဖြင့် ကျောင်းသားမိဘ များ၏ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကာလကတည်းကပင် အသက်ထက်အရေးကြီးတာ ဘာမျှမရှိဟူသော မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရုံနှင့်ပတ်သက်၍ လိုအပ်သော ပြင်ဆင်မှုများကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း။

ဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယနေ့တွင် ရာနှုန်းပြည့် ဆက်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း၊ နေ့စဉ်ကဏ္ဍအလိုက် လုပ်ဆောင်မှုများကို အခက်အခဲမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး Disaster Management Centre-DMC မှ နေ့စဉ် ပုံမှန်အစည်းအဝေးပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် စိတ်ဝင်တစား စောင့်ကြည့်လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

မုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ငွေကျပ် ၅၂ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးသူများသည် အချိန်မီရွှေ့ပြောင်းနိုင်ရန် တာဝန်ရှိသူများ၏စီမံမှုအပေါ် ငြင်းဆန်ခဲ့မှုများကြောင့် မဖြစ်သင့်ဘဲ အသက်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း၊ အဖွဲ့အစည်းဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ ပြန်လည်ထူထောင်နိုင်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် (၄) မြို့နယ်တို့ကို သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၁၁) အရ ကြေညာခဲ့ကြောင်း၊ မုန်တိုင်းထိခိုက်မှုပြင်းထန်သော စစ်တွေ၊ မောင်တောနှင့် ရသေ့တောင်ကဲ့သို့သော မြို့များအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် လယ်ထွန်စက်၊ ကျွဲ၊ နွားနှင့် မျိုးစေ့များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း **"ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်"** ဟူသော စကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများအားလုံးနှင့် ပြည်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်း တို့သည် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယနေ့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ကူညီကယ်ဆယ်ရေးနှင့် ပရဟိတအဖွဲ့ စုစုပေါင်းအဖွဲ့ ၂၀ တို့အား ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ်သိန်း ၄၉၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ နန္ဒာရာမ ပရိယတ္တိ စာသင်တိုက်သို့သွားရောက်၍ ပဏ္ဍိတနန္ဒာရာမ ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တနန္ဒသီရိ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

စစ်တွေမြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များကို လိုအပ်သော သန့်ရှင်းရေးနှင့် အဆောက်အဦ ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်နေ့မှစ၍ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ အခြေခံပညာကျောင်းများကိုလည်း ဇွန် ၁ ရက်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ဦးရေ ၄၉၂၀၀၀ ကျော် တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင်ရှိသော ပြည်သူလူထုများအား မြို့နယ်ဆေးရုံ ၁၇ ရုံ၊ တိုက်နယ်ဆေးရုံ ၄၃ ရုံတွင် လည်းကောင်း၊ အထူးကုဆေးအဖွဲ့ နှစ်ဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ (Rapid Response Team) ရှစ်ဖွဲ့ဖြင့်လည်းကောင်း၊ မေ ၁၆ ရက်နေ့မှ ယနေ့အချိန်အထိ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ ပြင်ပလူနာ ၁၇၂၃၉ ဦး၊ အတွင်းလူနာ ၃၃၅၂၇ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါကြောင်း။

**လမ်း၊ တံတားများ စတင်ပြန်လည်တည်ဆောက်**

သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လမ်း၊ တံတားများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဘဲ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ ခုနစ်ဖွဲ့မှ ယာယီဘေလီတံတားများ တည်ဆောက်နိုင်ရန်အတွက် မေ ၁၆ ရက်မှ စတင်ပြီး တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှစ၍ လမ်း၊ တံတားများကို စတင်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့် ပတ်သက်ပြီး ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍ IDP များနှင့် ဘင်္ဂါလီများအပေါ် ထောက်ပံ့ပေးမှုများအနေဖြင့် ပြည်နယ်အစိုးရ ခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ မိုခါမုန်တိုင်းဒဏ်ခံရသည့် နေရာများသို့ ကယ်ဆယ်ရေး၊ ကူညီရေး၊ ထောက်ပံ့ရေးပစ္စည်းများကို အပြည့်ပြည့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံ၏ ဗဟိုချက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ DMC သို့ ပေးအပ်လှူဒါန်းနိုင်ပါကြောင်း၊ ထို့အဖွဲ့မှတစ်ဆင့် ရေယာဉ်၊ လေယာဉ်များဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဖြန့်ဝေစေလိုသော လိုအပ်သည့်နေရာများကို ဆက်လက်ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်သည် နားလည်မှုလွဲမှားနိုင်သော အချက်ဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ပေးထားသည့် ကြီးကြပ်ရသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအနေဖြင့် သတိထားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ Humanitarian Country Team အဖွဲ့နှင့် ကူညီရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ခြင်း၊ The Secretary General of ASEAN as the ASEAN Humanitarian Assistance Coordinator(SG-AHAC) လာရောက်၍ ပျက်စီးမှုအခြေအနေများ ကြည့်ရှုမည့်အပေါ် သဘောတူခွင့်ပြုခဲ့ခြင်း၊ နိုင်ငံတကာအကူအညီများနှင့် ပတ်သက်၍ စနစ်တကျရှိစေရေး On-Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းများ ရှိ၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ အမြန်ဆုံး စိတ်အေးချမ်းသာစွာဖြင့် မိမိလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ရခိုင်ပြည်နယ်အား မူလအခြေအနေထက် ပိုမိုကောင်းမွန်ရမည်ဟူသော နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ညီညွတ်သော ပေါင်းစည်းစွမ်းအားဖြင့် အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၄-၆-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၅) တွင် ဖော်ပြပါရှိသည့် MV WERU PACK KHA (ဝီရူပက္ခ) ရေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့ သတင်းပါ မေ ၅ ရက်အစား မေ ၁၆ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မောင်တောမြို့ရှိ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၄

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နှင့်ဘူးသီးတောင်မြို့များသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများ၌ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့မှ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပျက်စီးသွားသော အဆောက်အဦများအတွက် ဆောက်လုပ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးနေမှု၊ ရိက္ခာပြတ်လပ်မှုမရှိစေရေး စီမံထားရှိမှု၊ ပျက်စီးသွားသော ကျောင်းများ အမြန်ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုများကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးအတွက် Disaster Management Centre-DMC ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကဆိုင်ရာ အဆောက်အဦများ၊ ရုံး/ဌာနဆိုင်ရာ အဆောက်အဦများအလိုက် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူများအားလုံး အမိုးအကာအောက်ရောက်ရှိရေး ဦးစားပေးဆောင်ရွက်နေသည့်အခြေအနေများ၊ မိုးရာသီတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်မှုနှင့် မျိုးစေ့လိုအပ်မှုအတွက် စီမံဆောင်ရွက်ပေးမှု အခြေအနေများ၊ ဇွန် ၁ ရက်အမီ ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများ ပြုပြင်နေဆဲကာလ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြို့နယ်များအလိုက် ဆက်သွယ်မှုကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ၉၉ ရာခိုင်နှုန်း ပြီးစီးခဲ့မှုအခြေအနေများ၊ အခြေခံလူတန်းစား စားဝတ်နေရေး ပြေလည်စေရေး မုန်တိုင်းမတိုက်ခတ်မီ အရန်ဆန်တန်ချိန် ၁၀၀၀၀(အိတ် ၂၀၀၀၀၀) စုဆောင်းခဲ့မှုအခြေအနေများ၊ ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့် အခြေအနေများအား အသေးစိတ်ဆွေးနွေးရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

ထို့နောက် ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မောင်တောမြို့၌ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မောင်တောမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသူများအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၇ မှ*

ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အဦများအား ပြန်လည်ပြင်ဆင်နေမှုအခြေအနေများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များရှိ နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဘူးသီးတောင်မြို့ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘူးသီးတောင်မြို့ နယ်မြေခံတပ်ရင်းရှိ မိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘူးသီးတောင်မြို့ရှိ ဌာနဆိုင်ရာများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# အခြေခံစားကုန်များ အဆင့်ဆင့်ပြန်လည်ရောင်းချမှုမရှိစေရန် မြို့နယ်အလိုက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်ရောင်းချနိုင်ရေး ဆောင်ရွက်

**ပဲခူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအတွင်း အခြေခံစားကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသတွင်း အခြေခံစားကုန်ပစ္စည်းများ သင့်တင့်သောဈေးနှုန်းများဖြင့် ရောင်းဝယ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံနိုင်ရေး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးသည် အရေးကြီးကြောင်း၊ မြို့နယ်အလိုက် အခြေခံလူတန်းစားများ ကုန်ဈေးနှုန်းကြီးမြင့်မှုသက်သာနိုင်စေရေး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးကုန်သည်များအနေဖြင့် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆေးဝါးများ သိုလှောင်မှုမရှိစေရေး ကြီးကြပ်စစ်ဆေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အခြေခံစားကုန်များ လက်လီအဆင့်ဆင့် ပြန်လည်ရောင်းချမှုလျှော့ချနိုင်မှသာ ဈေးနှုန်းသက်သာနိုင်မည်ဖြစ်၍ သက်ဆိုင်ရာကုန်စည်ဒိုင်များနှင့် ချိတ်ဆက်ကာ မြို့နယ်များအရောက် ရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အခြေခံစားကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဒေသတွင်းကုန်ဈေးနှုန်းကြီးမြင့်မှုလျှော့ချနိုင်ရေး ဆန်စက်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ငါးလုပ်ငန်းရှင်အသင်းချုပ်နှင့် သက်ဆိုင်ရာ ကုန်စည်ဒိုင်များအား တိုက်ရိုက်ချိတ်ဆက်ကြီးကြပ်မည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီတစ်ခုအား ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက အခြေခံစားကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဒေသတွင်းကုန်ဈေးနှုန်းကြီးမြင့်မှု လျှော့ချနိုင်ရေး ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ကြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ ဇွန် ၁၄**

ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူများက လူငယ်ရေးရာခေါင်းစဉ်များဖြင့် ဆွေးနွေးရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးကြောင်း သိရသည်။

**သန္တာလင်း(ပုဗ္ဗသီရိ)**

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၁)

*ထက်မြတ်*

မိုးဦးကျဝသန်ကာလကို လူတိုင်းလိုလို ကြိုက်နှစ်သက်ကြမှာပါ။ အထူးသဖြင့် လယ်ယာထွန်ယက် စိုက်ပျိုးဖို့အတွက် အသင့်စောင့်ဆိုင်းနေကြတဲ့ ကျေးဇူးရှင် လယ်ယာလုပ်သားများက မိုးကိုမျှော်လင့်နေကြပါတယ်။

မြန်မာနိုင်ငံမှာ သာမန်အားဖြင့်ဆိုရင် မေလက မိုးဦးကျကာလဖြစ်လို့ မတ်၊ ဧပြီလမှာ ဖြစ်ပေါ်ခဲ့တဲ့ ပူပြင်းခြောက်သွေ့မှုတွေလျော့ပါးစေဖို့ မိုးကိုမျှော်ကြတာ ဆန်းတော့မဆန်းပါဘူး။ ဒါပေမယ့် ဒီနှစ်အတွက်မိုးဦးကျကာလကိုတော့ ရာသီဥတုအခြေအနေက ခပ်ကြမ်းကြမ်းလေး ကိုင်လှုပ်ခဲ့တာပါ။

သို့သော်လည်း ကျွန်တော်တို့ရဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပင်လယ်ပြင်အတွင်း အချိန်နဲ့အမျှဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုအခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်တဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့အတွက် ပြင်ဆင်ချိန်ပိုရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

၂၀၂၃ ခုနှစ် မေလ ၂ ရက်မှာတော့ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့မှာ လေဖိအားနည်း ရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်ချိန်ကပင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပေးခဲ့ပါတယ်။



၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပပြုလုပ်စဉ်။



၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားအဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်စဉ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် မေလ ၉ ရက် မြန်မာစံတော်ချိန် ၂၃၀၀ နာရီအချိန် ထုတ်ပြန်တဲ့ မုန်တိုင်းငယ်သတိပေးချက် (၁/၂၀၂၃) ကနေစပြီး သတိပေးချက်တွေကို ဆက်တိုက်ဆိုသလိုထုတ်ပြန်ခဲ့တာပါ။

ထုတ်ပြန်ချက်ထဲမှာတော့ **ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depre-ssion) အဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၄၀ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၃၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း (Nicobar Islands) ၏ အနောက် - အနောက်မြောက်ဘက် ရေမိုင် ၂၆၅ မိုင်ခန့်၊ ပို့ပလဲယား(Port Blair)၏ အနောက်တောင်ဘက်ရေမိုင် ၂၇၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့ (Cox's Bazar)မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါတယ်**ဆိုတဲ့ အကြောင်းပါပဲ။ အဲဒီမုန်တိုင်းရဲ့နာမည်ကတော့ **မိုခါ** ပါတဲ့။

အဲဒီအချိန်မတိုင်ခင် မေလ ၆ ရက်ကတည်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ လမ်းညွှန်ချက်ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများအားလုံးပါဝင်တဲ့ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကနေ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

**အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး ဆုံးဖြတ်ချက်ချမှတ်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို မေလ ၈ ရက်မှ စတင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃) မှာ ဖွင့်လှစ်သွားနိုင်ရေး၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်တဲ့ ကိစ္စကြီးငယ်အဝဝကို အချိန်နဲ့တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး စတဲ့ဆုံးဖြတ်ချက်တွေကိုလည်း အဲဒီအစည်းအဝေးကနေ ချမှတ်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရဲ့ အခန်းကဏ္ဍကို ဦးစွာပြောချင်ပါတယ်။ DMC က ယခုလုပ်ဆောင်နေတဲ့ မုန်တိုင်းကာလအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပဓာနကျတဲ့ အနေအထားမှာရှိနေတာပါ။

ကျွန်တော့်အနေနဲ့ အောက်မှာ ဆက်လက်ဖော်ပြသွားမယ့် ကဏ္ဍအသီးသီးရဲ့ လုပ်ဆောင်ချက်များဟာ DMC ရဲ့ ဦးစီးဦးဆောင်မှုအောက်ကနေ သွေဖည်သွားတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် DMC ရဲ့ လုပ်ဆောင်မှုဟာ မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်သတိပေးပြင်ဆင်ခြင်း၊ မုန်တိုင်းတိုက်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်မှုကိစ္စအဝဝအထိ ပါဝင်နေပါတယ်။

ဒီနေရာမှာ မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်လို့ သိရကတည်းက တပ်မတော်က မုန်တိုင်းအန္တရာယ်နဲ့ပတ်သက်ပြီး ရှေ့ပြေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့တာကို ဦးစွာတင်ပြချင်ပါတယ်။

အဲဒီအချိန်တုန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးနေတဲ့ အချိန်ဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်မှုနဲ့ ပြည်သူများကို မုန်တိုင်းဒဏ်လွတ်ရာသို့ ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးတို့ကို အင်မတန်အလေးထားတာကြောင့် ကူညီကယ်ဆယ်ရေးနဲ့ပတ်သက်ပြီး အဆိုပါခရီးစဉ်ကနေ လမ်းညွှန်မှာကြားချက်တစ်ခု ပြုခဲ့ပါတယ်။ အဲဒါကတော့ တပ်မတော်မှ အရာရှိကြီး တစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုကို ကြိုတင်ဖွဲ့စည်း စေလွှတ်ခြင်းပါပဲ။

**ယာဉ်အုပ်စု ၁၀ စု မေလ ၁၂ ရက်မှာ ရန်ကုန်မှ စတင်ထွက်ခွာ**

အထူးသဖြင့် မုန်တိုင်းဝင်ရောက်ဖြတ်သန်းသွားမယ်လို့ခန့်မှန်းရတဲ့ဒေသများဆီကို ရှေ့ပြေးကူညီကယ်ဆယ်ရေးအနေနဲ့သွားနိုင်စေဖို့ ယာဉ်အုပ်စုများကို ဖွဲ့စည်းစေလိုက်တာပါ။ တပ်မတော်မှ အရာရှိကြီးတစ်ဦးစီ လိုက်ပါဦးဆောင်တဲ့ ယာဉ်အုပ်စု ၁၀ စုဟာ မေလ ၁၂ ရက်မှာ ရန်ကုန်မှ စတင်ထွက်ခွာသွားကြပါတယ်။

အဲဒီယာဉ်အုပ်စုတွေထဲမှာ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များ ပါဝင်ပါတယ်။

ယာဉ်အုပ်စု တစ်စုမှာ မော်တော်ယာဉ် ၁၀ စီး၊ ပဲ့ချိတ်စက် နှစ်လုံး၊ ဖိုက်ဘာတိုက်လှေ နှစ်စင်း၊ လွှစက် ငါးခုနဲ့ လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ ၂၆ ထည်၊ အသက်ကယ် ဖောကွင်း ၁၀ ခု၊ လူခြောက်ဦးဆံ့ မိုးကာတဲ အလုံး ၅၀၊ တာပေါ်လင်စ ၁၆၀၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာ အလုံး ၃၀၊ ထိခိုက်ဒဏ်ရာများအတွက် အရေးပေါ်ကုသဆေးများ၊ မြွေအဆိပ်ဖြေဆေးများ၊ မေးခိုင်ကာကွယ်ဆေးများ၊ ရေသန့်စင်ဆေးပြားများ၊ *စာမျက်နှာ ၁၀ သို့*

**" တကယ်တမ်း မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရဆိုရင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ခြေမြင့်မားတဲ့မြို့တွေကို မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုမှာ ထုတ်ပြန်တာမှန်ပေမယ့် အခုတော့ မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာခဲ့ခြင်းဖြစ်လို့ ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ "**

*စာမျက်နှာ ၉ မှ*

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ကုသဆေးများ၊ အရေးပေါ်ဆက်သွယ်ရေး စက်မျိုးစုံ ၂၂ လုံး၊ ဆက်စပ်ပစ္စည်းများနဲ့ ယာဉ်ချို့ယွင်းပါက ပြင်ဆင်နိုင်ဖို့ ယာဉ်အပိုပစ္စည်းများ အပြည့်အစုံပါရှိကြတာကိုလည်း တွေ့ရပါတယ်။

**ဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် အနီရောင်အဆင့်ဒေသများ အဖြစ် သတိပေးခဲ့**

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက မုန်တိုင်းမဝင်မီ မေလ ၁၂ ရက်မှာ ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီရောင်အဆင့် ဒေသများအဖြစ် သတိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်ထဲမှာတော့ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မြေပုံ၊ ပေါက်တောနဲ့ မာန်အောင်မြို့နယ်တို့ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် အနီရောင်အဆင့်ဒေသများ အဖြစ် သတိပေးခဲ့တာကို တွေ့ရပါတယ်။

တကယ်တမ်း မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေး လုပ်ငန်းစဉ်အရ ဆိုရင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ခြေမြင့်မားတဲ့မြို့တွေကို မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုမှာ ထုတ်ပြန် တာမှန်ပေမယ့် အခုတော့ မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာခဲ့ခြင်းဖြစ်လို့ ကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့တာပါ။

မေလ ၁၄ ရက်မှာတော့ ကြိုတင်ခန့်မှန်းထားတဲ့အတိုင်းပဲ အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” က စစ်တွေမြို့အနီးကနေ စတင်ဖြတ်ကျော်ဝင်ရောက်လာပါပြီ။ မေလ ၁၅ ရက် မြန်မာစံတော်ချိန် ၁၂၃၀ နာရီအချိန်မှာတော့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဟာ တရုတ်နိုင်ငံအတွင်းသို့ လေဖိအားနည်းရပ်ဝန်းအဖြစ် ဝင်ရောက်ပြီး အားလျော့သွားခဲ့ပါတယ်။

တကယ့်တကယ်တမ်း ပြန်ကြည့်ရင် မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်ချိန်ကနေ မြန်မာနိုင်ငံမှ မုန်တိုင်းထွက်ခွာသွားချိန်က နာရီပေါင်း



၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

၃၀ ဝန်းကျင်သာ ရှိပါတယ်။ သူ့ကြောင့် ပျက်စီးမှုများက မနည်းမနောပါပဲ။ ဒါပေမယ့်လည်း ဒီလို ပြင်းအားမျိုးနဲ့ မုန်တိုင်းသာ တခြားနိုင်ငံကို ဝင်ရောက်ခဲ့တယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ပျက်စီးမှုထက် အဆပေါင်းများစွာ သာနိုင်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဟာ ပြင်းအားအဆင့် ၄ အထိ သတ်မှတ်ခံရတဲ့ မုန်တိုင်း တစ်လုံးပါ။ ဒီအဆင့်မှာ လေတိုက်နှုန်းက တစ်နာရီ မိုင် ၁၃၀ နှုန်းကနေ ၁၅၆ မိုင်နှုန်းအထိ တိုက်ခတ်နိုင်ပါတယ်။ ဒီအခြေအနေဟာ ကောင်းစွာတည်ဆောက်ထားတဲ့ နေအိမ်တွေကိုတောင်မှ ရစရာမရှိအောင်ဆိုးဆိုးရွားရွား ပျက်စီးစေတာပါ။

နိုင်ငံတစ်နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ကျရောက်လာရင် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ခြင်း ရှိ/မရှိဆိုတာ အုပ်ချုပ်သူ အစိုးရအပေါ် များစွာမူတည်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကတော့ မြန်မာနိုင်ငံကိုဝင်ရောက်လာနိုင်တဲ့ မုန်တိုင်းက ပင်လယ်ပြင်မှာစတင်ဖြစ်ပေါ်ပါပြီဆိုကတည်းက မုန်တိုင်းတိုက်ခတ်မှုအတွင်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး လုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုများကို အမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့တာ တွေ့ရမှာပါ။

ဒီလို ကြိုတင်ပြင်ဆင်မှုများကြောင့်ပဲ မုန်တိုင်းတိုက်ခတ်မှုအတွင်း အတိုင်းအတာတစ်ခုအထိရှိတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ နည်းပါးတဲ့ လူသေဆုံးမှုသာ ရှိခဲ့တာ ဖြစ်ပါတယ်။

**ပျက်စီးဆုံးရှုံးဆုံးမှုများနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ထားတဲ့စာရင်းများအရ တိုင်းဒေသကြီးများနဲ့ ပြည်နယ်အသီးသီးမှာ စုစုပေါင်းပျက်စီးဆုံးရှုံးမှုအနေနဲ့ လူနေအိမ် ၂၁၃၉၉၀ လုံး၊ ဘာသာရေးအဆောက်အဦ ၃၃၃၂ လုံး၊ စာသင်ကျောင်း ၁၇၃၄ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၃၉၈ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၄ တိုင်၊ ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ၁၄ တိုင်၊ ၆၆ ကေဗွီ ၃၈ တိုင်၊ ဓာတ်မီးတိုင် ၈၀၉၉ တိုင်၊ ထရန်စဖော်မာ ၈၃ ခု ပျက်စီးခဲ့တဲ့အပြင် လူသေဆုံးမှုအနေနဲ့ ၁၄၈ ဦး၊ ဒဏ်ရာရရှိသူ ၁၃၂ ဦး၊ တိရစ္ဆာန်သေဆုံးမှု ၂၉၀၆၁၂ ကောင် ရှိတယ်လို့ ပဏာမစာရင်းကောက်ယူရေးအဖွဲ့ရဲ့ စိစစ်ချက်အရ သိရပါတယ်။ ဆက်လက်ပြီးလည်း သေချာသည်ထက် သေချာအောင် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။**

နိုင်ငံတော်အစိုးရအနေနဲ့ မုန်တိုင်း မကျမီ စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နဲ့ အမ်းမြို့တို့မှာရှိတဲ့ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ပြည်သူ ၂၃၇၀၀ ကို ရွှေ့ပြောင်းပေးခဲ့ပြီး တခြားဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းမှုအနေနဲ့ ၆၂၆၈၄၉ ဦးကို ရွှေ့ပြောင်းပေးခဲ့ပါတယ်။ အလားတူ IDP စခန်းမှ ရောက်ရှိသူများ အနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပါတယ်။ မုန်တိုင်းကြောင့် သေဆုံးသူတွေထဲမှာ ရွှေ့ပြောင်းပေးမှုအပေါ် ငြင်းဆန်ခဲ့သူတချို့ ပါဝင်ခဲ့တာလည်း တွေ့ရပါတယ်။


ဒီလို ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အစိုးရ၊ တပ်မတော်၊ ပြည်သူ အတူတကွလက်တွဲပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးရမှာပါ။

*စာမျက်နှာ ၁၁ သို့*

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကတော့ မြန်မာနိုင်ငံကိုဝင်ရောက်လာနိုင်တဲ့ မုန်တိုင်းက ပင်လယ်ပြင်မှာ စတင်ဖြစ်ပေါ်ပါပြီ ဆိုကတည်းက မုန်တိုင်းတိုက်ခတ်မှုအတွင်း ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး လုပ်ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုများကို အမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့တာ တွေ့ရမှာပါ**



တပ်မတော်မှ ရှေ့ပြေးကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ ထွက်ခွာစဉ်။




၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သော မုန်တိုင်းအခြေအနေပြပုံ

# “စိုက်ပျိုးစွမ်းအား မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲ ကို “စိုက်ပျိုးစွမ်းအား မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးစွမ်းအားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ပထမအဆင့် ဦးစားပေးအနေဖြင့် အဓိကသီးနှံ ၁၀ မျိုး၏ အထွက်နှုန်းတိုးတက်စေရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများက ကဏ္ဍအလိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်သမားရှားပါးလာသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ ထွန်ယက်ခြင်းမှ ရိတ်သိမ်းသည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရေး၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

**စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာအသုံးချ**

စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် အဓိကကျသည့်အတွက် ရေကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်မှသာ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးတက်စေရေးနှင့် သီးနှံစိုက်စွမ်းအား မြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားတိုးတက်ရန် မဖြစ်မနေလိုအပ်သဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စိုက်ပျိုးရေးနည်းပညာများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက တာဝန်ယူဆောင်ရွက်ပြီး ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မြေသယံဇာတ၊ ရေသယံဇာတနှင့် မြေယာအသုံးချမှုအခြေအနေ၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ နွေစပါး၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းများနှင့်ပတ်သက်သည့် စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေတစ်ဧကချင်း၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူ တစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန် ဆောင်ရွက်သင့်သည့်အချက်များ၊ ရေရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ စက်မှုလယ်ယာကူးပြောင်းရေးဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

☆ **နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အကူအညီများ ချက်ချင်းပေး**

☆ **နိုင်ငံသူ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှု မရှိစေရေး ကယ်ဆယ်ကူညီဆောင်ရွက်ပေး၊ မူလအခြေအနေ ထက် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေး**

အခုဆိုရင် မုန်တိုင်းတိုက်ခတ်ပြီးနောက် လုပ်ဆောင်ရတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်းမှာပင် မျှော်မှန်းထားတာထက်ပိုတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် မုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဘယ်လိုမျိုး အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့တယ်ဆိုတာ ဒီဆောင်းပါးကနေတစ်ဆင့် ဂုဏ်ယူစွာနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။

**အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ တပ်မတော်အရာရှိကြီးများနဲ့ တာဝန်ရှိသူများဟာ မြန်မာနိုင်ငံကို မုန်တိုင်းစတင်ဝင်ရောက်တဲ့ မေ ၁၄ ရက်မှာပဲ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကို ကျင်းပပြုလုပ်ပါတယ်။

အဲဒီအစည်းအဝေးမှာ သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက မုန်တိုင်းဖြစ်ပေါ်မှုနဲ့ မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်မှုအခြေအနေ၊ နိုင်ငံတော်နဲ့တပ်မတော်က ဆန်နှင့်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိမှုအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ပြောင်းရွှေ့ရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ဖွဲ့စည်းထားမှုအခြေအနေ၊ သတင်းများကို အချိန်နှင့်တစ်ပြေးညီရရှိရေးနဲ့ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို တင်ပြကြပါတယ်။

အဲဒီလို တင်ပြမှုတွေအပေါ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှာကြားမှုကို ကြည့်ရင် အစိုးရတစ်ရပ်က နိုင်ငံသားများအပေါ်ထားတဲ့စေတနာကို မြင်တွေ့ရမှာပါ။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှာကြားမှုများထဲမှ တချို့ကို ကောက်နုတ်ပြရရင်-

**“မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့် ပြင်ဆင်ထားရှိရန် လိုပါမယ်။ ဘုန်းတော်ကြီးကျောင်းများက မြို့၊ ရွာများ၏ အစွန်အဖျားနေရာများတွင်တည်ရှိကြခြင်းကြောင့် လေပြင်းများတိုက်ခတ်ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ပြင်ဆင်ပေးနိုင်ရေးဆောင်ရွက်ပေးရန်လိုပါမယ်။ မုန်တိုင်းဒဏ်ထိခိုက်သည့် ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရပါမယ်။ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုပါမယ်။ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။”**

တပ်မတော်အနေဖြင့်လည်း **“နိုင်ငံအတွင်းမှာ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အကူအညီများ ချက်ချင်းပေးဖို့”** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ရင်း/တပ်ဖွဲ့များကို ညွှန်ကြားထားပြီးသားပါ။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကလည်း မုန်တိုင်း စတင်ဝင်ရောက်တိုက်ခတ်တဲ့ မေလ ၁၄ ရက်မှာပဲ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် (အရေးပေါ်) အစည်းအဝေးကို ပြုလုပ်ခဲ့ပါသေးတယ်။

အဲဒီအစည်းအဝေးမှာတော့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ်က မုန်တိုင်းအလွန်ကာလ လိုအပ်သည့်အကူအညီများနှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဌာနအလိုက် ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝိုင်းအဝန်းတစ်လျှောက် ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း စသည်ဖြင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

မုန်တိုင်းတိုက်ခတ်မှုဖြစ်ပြီးနောက် တစ်ရက်ဖြစ်တဲ့ မေ ၁၅ ရက်မှာ အပြောမဟုတ်ဘဲ အလုပ်နှင့်သက်သေပြတတ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများနဲ့အတူ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသသို့ရောက်ရှိပြီး **နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကယ်ဆယ်ကူညီဆောင်ရွက်ပေးသွားရန်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန်နဲ့** မြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ဆောင်ရမယ့် လုပ်ငန်းများကို လမ်းညွှန်မှာကြားမှုပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးစီးတဲ့ ဝန်ကြီး ၃ ဦး၊ ဒုတိယဝန်ကြီး ၇ ဦးတို့ပါဝင်တဲ့ အဖွဲ့ဖြင့် မုန်တိုင်းအလွန် ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေး တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကြေညာချက်အမှတ် ၁/၂၀၂၃ ကို ထုတ်ပြန်ပြီး ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တဲ့ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ ခုဖြစ်တဲ့ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ အမ်း၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးနဲ့ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်ပါတယ်။

နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၆ ရက်မှာတော့ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ကုန်းတွင်းပိုင်းသို့ဖြတ်သန်းသွားရာ ချင်းပြည်နယ်ရှိ တီးတိန်၊ ပလက်ဝ၊ မတူပီနဲ့ ဟားခါးမြို့နယ်တို့ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာလိုက်တာ တွေ့ရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# e-ID စနစ်သည် e-Government လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံစနစ်တစ်ခုဖြစ်

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံ၏ e-Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအကျဆုံးလုပ်ငန်းဖြစ်သည့် e-ID စနစ် ဆောင်ရွက်နိုင်ရန် e-ID စနစ် လုပ်ငန်းကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၊ e-ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဒေါက်တာဇော်မြင့်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် မြတ်မင်းဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**Digital စနစ်ကူးပြောင်းရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ Digital စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် e-Government စနစ် အကောင်အထည် ဖော်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ e-ID စနစ်သည် e-Government လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံစနစ် တစ်ခုဖြစ်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း နေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR) စနစ်ဖြင့် နေထိုင်ခွင့်ရသူ၊ အမြဲနေအခွန်ဆောင် နိုင်ငံခြားသားများစသည်တို့၏ ကိုယ်ရေးအချက်အလက် (Biographic Data)နှင့် ဇီဝဆိုင်ရာအချက်အလက် (Bio-metric Data) များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သော Unique ID နံပါတ်တစ်ခုစီ သတ်မှတ်ပေးသည့် စနစ်ဖြစ်ပါကြောင်း၊ ယင်းနောက် UID နံပါတ်ရရှိပြီးသူများ အနက် ဥပဒေအရ နိုင်ငံသား အရည်အချင်း ပြည့်မီသူများ အားလုံးကို National ID ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ကူညီဆောင်ရွက်မှုများဖြင့် လဝက မြို့နယ်ရုံး အသီးသီးရှိ နိုင်-၄ မှတ်တမ်းပါ အချက်အလက် ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ၁၃ သန်းကျော်ကို Database အတွင်း ထည့်သွင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် e-ID Database System အတွင်း ထည့်သွင်းထားသော နိုင်/ဧည့်/ပြု ကိုယ်ရေးအချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) များကို အခြေခံ၍ Biometric အချက်အလက်များ ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို Pilot Project အဖြစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှစ၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ရန်ကုန်၊ ရောဝတီနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် စတင်ကောက်ယူခဲ့ပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မိမိဝန်ကြီးဌာနရှိအီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန အနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ပေးပို့လာသော SIM Registration Manangement System (SRMS) အတွင်းရှိ (SIM Card) များကို တိုက်ဆိုင်စစ်ဆေးစိစစ်အကြောင်း ပြန်ကြားခြင်း၊ အောင်ဘာလေထီမှ နိုင်နံပါတ်အား မှန်ကန်ခြင်းရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးပြန်ကြားပေးနိုင်မည့် API Platform တစ်ခုတည်ဆောက်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များ စိစစ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံကူးလက်မှတ် (passport) လုပ်ငန်းများအတွက် Database ဖြင့် တိုက်ဆိုင်စိစစ် ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့စီးပွားရေးဘဏ်မှ Cen-tralized e-Pension စနစ်တွင် Face ID ဖြင့် အငြိမ်းစားများအား စိစစ်မှုပြုလုပ်ရာတွင် e-ID စနစ်ဖြင့် ချိတ်ဆက်နိုင်ရေးအတွက် လိုအပ်မည့်နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော Hardware နှင့် Software များ ဝယ်ယူရေးနှင့် ပတ်သက်၍ e-ID စနစ် လုပ်ငန်းကော်မတီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် e-ID စနစ်ဆိုင်ရာ တင်ဒါကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့်တင်ဒါလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် e-ID စနစ်ကို အခြေခံ၍ Na-tional Database အဖြစ် တည်ဆောက်နိုင်ရေးအတွက် ဌာနအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက e-ID စနစ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တင်ဒါခေါ်ယူ ဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဒေါက်တာဇော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် မြတ်မင်းဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက e-ID စနစ်အတွက် လိုအပ်သော နည်းပညာဆိုင်ရာ ပစ္စည်းများ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ e-ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်နှင့် ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်တို့က နည်းပညာဆိုင်ရာ ပစ္စည်းများ ဝယ်ယူရေးအတွက် တင်ဒါကော်မတီအနေဖြင့် တင်ဒါလုပ်ငန်းများ စိစစ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို သုံးသပ်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး BIMSTEC Business Conclave ၏ ဆက်စပ်ဖိုရမ်များသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၄**

အိန္ဒိယသမ္မတနိုင်ငံ ကော်လ်ကတ္တားမြို့၌ ပြုလုပ်လျက်ရှိသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် BIMSTEC Business Conclave ၏ ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် ကဏ္ဍအလိုက်ကျင်းပသော ဆက်စပ်ဖိုရမ်များသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၂ နာရီအထိ Hytta Regency Kolkata Hotel ၊ Ballroom One ပြုလုပ်သည့် ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် အစားအစာဖိုရမ်တွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစင်တာမှ အမှုဆောင်ဒါရိုက်တာ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦးတို့က Panelist အဖြစ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Hytta Regency Kolkata Hotel ၏ Guchhi ခန်းမ၌ ပြုလုပ်သော ကျောက်မျက်ရတနာဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ဟန်က Panelist အဖြစ် ဆွေးနွေးသည့်အစီအစဉ်သို့ တက်ရောက်အားပေးသည်။



ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် Hytta Regency Kolkata Hotel၊ Ballroom One ပြုလုပ်သည့် ဘင်းမ်စတက်အမျိုးသမီးများဖိုရမ်နှင့် Guchhi ခန်းမတွင် ပြုလုပ်သော ဘင်းမ်စတက်ပညာရေးဖိုရမ်တို့ကို တက်ရောက်အားပေးသည်။

ဘင်းမ်စတက်အမျိုးသမီးများ ဖိုရမ်တွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်မော်နှင့် ဘင်းမ်စတက်ပညာရေးဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွန့်ဦးတီထွင်သူများအသင်းဝင် Streamline Training – Learning Center တည်ထောင်သူ ဒေါ်ဝင်းအိခိုင်တို့က Panelist အဖြစ်ပါဝင် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေါမြို့နယ်၌ မိုးရာသီ ဒီရေတောစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဝေါ ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သစ်တောဦးစီးဌာနက ကျင်းပသည့် မိုးရာသီ ဒီရေတောစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက လက်ပံကျေးရွာ စစ်တောင်းမြစ်လက်တက်အနီး၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဖေချစ်က ဝေါမြို့နယ် လက်ပံကျေးရွာတွင် မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်စေရန်အတွက်ရည်ရွယ်၍ မိုးရာသီ ဒီရေတောစုပေါင်းသစ်ပင်စိုက်ပျိုးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပဲခူးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထက(ခွဲ)လက်ပံကျေးရွာမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဖြူးခြေထောက်အဖိုပျိုးပင် ၃၆၃၀ အား ဒီရေတောအတွင်း စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်ဖြူမြို့ အစိုးရအဖွဲ့ရိပ်သာဘေးပတ်လည်ရှိ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သာစည်ကျေးရွာ ရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းပေးပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဥယျာဉ်သာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ပါဒလိတ်ကျေးရွာအနီး ရန်ကုန်–စစ်တွေသွား ကားလမ်းမကြီးဘေးရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ မြို့သစ်တောင်ရပ်ကွက် ကမ်းနားလမ်းရှိ အမှိုက်ပုံများ၊ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇွန် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနပွားရပ်ကွက်နေ ရွှေလရောင်သည် ၎င်းအသုံးပြုသည့် “Shwe La Yaung” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်နေ ကောင်းချမ်းသာမြင့်(ခ)အားဖူသည် ၎င်းအသုံးပြုသည့် “Kaung Chan Thar Myint” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာ ကရာတေးပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကရာတေးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

နိုင်ငံတကာ ကရာတေးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်မှု လူရွေးချယ်ရေး (Cadet & Junior) ပြိုင်ပွဲကို အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုအနေဖြင့် ဇွန် ၂၅ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးလေ့ကျင့်ရေးခန်းမ၌ (ပရိသတ်မပါ) ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်က ပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားများအနေဖြင့် Cadet(အသက် ၁၄/၁၅) အမျိုးသမီး ခတ (တစ်ဦးချင်း)ပြိုင်ပွဲ ကုမိတဲ့ (–၄၂ ကီလို၊ –၄၇ ကီလို၊ +၄၇ ကီလို)ပြိုင်ပွဲများ၊ အမျိုးသား ခတ (တစ်ဦးချင်း)ပြိုင်ပွဲ၊ ကုမိတဲ့(–၄၈ ကီလို၊ –၅၂ ကီလို၊ –၅၇ ကီလို၊ +၅၇ ကီလို) ပြိုင်ပွဲများ၊ Juinor (အသက် ၁၆/၁၇) အမျိုးသမီး ခတ(တစ်ဦးချင်း) ပြိုင်ပွဲ၊ ကုမိတဲ့(–၄၈ ကီလို၊ –၅၃ ကီလို၊ +၅၃ ကီလို)ပြိုင်ပွဲများ၊ အမျိုးသား ခတ (တစ်ဦးချင်း)ပြိုင်ပွဲ၊ ကုမိတဲ့(–၅၀ ကီလို၊ –၅၅ ကီလို၊ –၆၁ ကီလို၊ +၆၁ ကီလို)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် အဖွဲ့ဝင်ကလပ်အသင်းများမှ အလားအလာရှိသူ ကရာတေးအားကစားသမားများသည် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်တစ်ဦးချင်းပြိုင်ပွဲ အမျိုးအစားများကိုသာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုတွင် ကလပ်အသင်းအလိုက် နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ကစားသမားတစ်ဦးသည် “ခတ”နှင့် “ကုမိတဲ့” ပြိုင်ပွဲအမျိုးအစား နှစ်မျိုးလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။ **အာကာစိုး**

# ဆိပ်ဖြူမြို့၌ ဖြစ်ပေါ်နေသော ကြက်သွန်နီ ဈေးနှုန်း/ဈေးကွက်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ကြက်သွန်နီကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် ၂၀၂၃ ခုနှစ် ဇွန်လ (ပထမပတ်)အတွင်း တစ်ရက်လျှင် ကြက်သွန်နီ ပျမ်းမျှ ပိဿာချိန် လေးသောင်းခန့်၊ တစ်ပတ်အတွင်း စုစုပေါင်း ပိဿာ နှစ်သိန်းခွဲခန့် ဈေးကွက်သို့ ဝင်ရောက် အရောင်း အဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဇွန်လ ပထမပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေးထိပ်စ (ရှယ်) ကျပ် ၁၉၀၀–၂၀၂၅၊ အလတ်စ ကျပ် ၁၈၀၀–၁၈၅၀၊ အနိမ့်ဈေး ကျပ် ၁၆၂၅–၁၇၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုအပတ်တွင် ကြက်သွန်နီထိပ်စ အမြင့်ဆုံးဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ဈေးနှုန်းဖြင့် အရောင်း အဝယ်ဖြစ်ခဲ့၍ ယခုအပတ်တွင် ထိပ်စ (ရှယ်) ၁၂၅ ကျပ်၊ အလတ်စနှင့် အနိမ့်စတို့မှာ ကျပ် ၁၀၀ စီခန့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။



ယခုဇွန်လပထမပတ်အတွင်း ကြက်သွန်နီ စုစုပေါင်းပျမ်းမျှ ပိဿာ နှစ်သိန်းခွဲခန့်၊ ၈၃၃၂ အိတ်၊ တန်ချိန် ၄၀၈ ခန့်ကို ဆိပ်ဖြူမြို့မှ အခြားတိုင်းဒေသကြီးများဖြစ်သော ရန်ကုန်ဘုရင့်နောင်ပွဲရုံနှင့် မြဝတီဝယ်လက်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ အများဆုံး ကုန်စည် စီးဆင်းခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**DOCA(မကွေး)**

# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးများ စတင်စိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ စပါးသည် အဓိကစိုက်ပျိုးသော သီးနှံအမျိုးအစား၌ ပါဝင်ပြီး မိုးစပါးစိုက်ဧက ၄၈၆၉၅ ဧကကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်သည် ယခင်နှစ်ထက် စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ဧပြီလတွင် မိုးရွာသွန်းမှုကြောင့် မေလမှ စတင်၍ စပါးအခြောက်ကြဲ၍ စတင်စိုက်ပျိုးလျက်ရှိပြီး ကြဲစပါးခင်းဧကအနေဖြင့် ၃၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

စပါးမျိုးဈေးနှုန်းများ၊ စက်သုံးဆီ၊ ဓာတ်မြေသြဇာနှင့် သွင်းအားစုဈေးနှုန်းများ မြင့်တက်နေပြီး လုပ်သားရှားပါးမှုတို့ကြောင့် တောင်သူများအနေဖြင့် စိုက်ခင်းအစား ကြဲခင်းများကိုသာ အဓိကထား စိုက်ပျိုးကြကြောင်း၊ မိုးညိုမြို့နယ်အတွင်း စိုက်ပျိုးသော စပါးမျိုးများမှာ ဆင်းသွယ်လတ်၊ မနောသုခ၊ ဆင်းသုခ၊ ကျော်ဇေယျ၊ သီးထပ်ရင်၊ ဆင်းသွယ်ရင်၊ ရောမင်း၊ ကောက်ညှင်း၊ အင်းမရဲဘော်၊ တစ်ထောင်ပိုကရင်မစပါးတို့ဖြစ်ပြီး မိုးညိုမြို့နယ်၏ ရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့် ကိုက်ညီသော ကရင်မစပါးမျိုးများနှင့် ဆင်းသုခစပါးမျိုးများကိုသာ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA(ပဲခူးတိုင်း)**





# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ဖြစ်သည်။

ဇွန် ၇ ရက်မှ ၁၁ ရက်အထိ ပို့ကုန်တန်ချိန် ၁၅၄၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၅ သန်း၊ သွင်းကုန်တန်ချိန် ၁၅၂ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၆ သန်း ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ပုစွန်၊ တာဝမ်၊ ကုလားကုတ်၊ ငါးပါကင်၊ ဇလွယ်၊ ဇယော၊ ပလာတူး၊ စစ်ဟောက်၊ သဲကဏန်း၊ ပလာလန်း၊ ဆီအုန်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်၊ ဓာတ်မြေသြဇာ၊ ထုံးမှုန့်၊ စားဆော်ဒါ၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်၊ မီးသွေးမှုန့်တို့ဖြစ်သည်။

ဇွန် ၁၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၇၉ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ဒသမ ၈ ကျပ်ခန့် ဖြစ်သည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၁၀၈၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ငွေကျပ် ၁၀၃၅၀ ခန့်ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**စီးပွား/ကူးသန်း**

## ၁၄–၆–၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၈၀၀ | ၈၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၆၆၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၃၀၀ | ၉၀၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၇၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၆၆၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၇၃၀၀ | ၆၀၀၀ | ၃၃၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၁၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၇၅၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၅၆၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၄၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၅၆၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၇၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၊ ပဲဆီ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ ပုသိမ်တွင် ငွေကျပ် ၄၀၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ဘားအံတွင် ငွေကျပ် ၂၀၀၊ ထားဝယ်နှင့် ပုသိမ်တွင် ငွေကျပ် ၄၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်၊ ပခုက္ကူနှင့် ပြည်တွင် ငွေကျပ် ၅၀၀၊ ပုသိမ်တွင် ငွေကျပ် ၂၀၀၊ မုံရွာတွင် ငွေကျပ် ၃၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၆၀၀၊ ချင်း တစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်နှင့် ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ဆားတစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၂၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၈၀၀၊ ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ကုလားပဲဝါတွင် ဘားအံနှင့် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ပုသိမ်တွင် ငွေကျပ် ၁၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၃၀၀၊ ရန်ကုန်တွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၈၀၀၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၊ ကြက်သား၊ ဝက်သားနှင့် ဆိတ်သား တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၃၀၀၊ ဝက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၂၀၀၀၊ အမဲသားနှင့် ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၃၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ဈေးကျခဲ့ပါသည်။

# ဥပဒေဘောင်အတွင်း လက်နက် / ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ် မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



**ပြန်လည်ဝင်ရောက်**

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို လက်ခံကြိုဆိုလျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၁ ဦးတို့သည် မောင်းပြန်သေနတ် ငါးလက်၊ ပစ္စတိုသေနတ် တစ်လက်နှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများထံသို့ လက်နက်များအပ်နှံပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် မောင်းပြန်သေနတ်ဖြင့် အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ဆုကြေးငွေ ကျပ်သိန်း ၅၀ အားလည်းကောင်း၊ ပစ္စတိုသေနတ်ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေ ၂၅ သိန်းကျပ်အားလည်းကောင်း၊ လက်နက်မဲ့ အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်သိန်း ၂၀ အားလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများကိုလည်း ပေးအပ်၍ ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**ဝမ်းမြောက်စကားပြောကြား**

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများ ကိုယ်စားတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက် ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ အဝင် ပင်လယ်ကမ်းခြေ၌ ပြုလုပ်သည့် မိုးရာသီအုန်းပင်စိုက်ပွဲတော်တွင် အုန်းပင်များ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။ (ယာပုံ)ထို့ပြင် ဂုံးချိန်ရပ်ကွက်ရှိ ဂုံးချိန်ဘုန်းတော်ကြီးကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးသည် သံရည်ကျို အလုပ်ရုံအမှတ်(၁)တွင် သံမဏိ လေးထောင့်တုံးများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို လည်းကောင်း၊ အောက်ဆီဂျင် ထုတ်လုပ်ရေး အလုပ်ရုံ (၂) ရှိ အောက်ဆီဂျင် အရည်များ သိုလှောင်ထားသည့် ဧရိယာများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရန် မှာကြားကာ သံရည်ကျိုအလုပ်ရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။

**စစ်ဆေးပြုပြင်ရန်လို**

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ သံရည်ကျိုအလုပ်ရုံ အမှတ်(၂)၊ Phase-2 & 2A တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်တို့ကို မြန်မြန်ဆန်ဆန် တွက်ချက်ရန်၊ စက်ပစ္စည်း ကိရိယာများကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြုပြင်ရန် လိုအပ်ကြောင်း။

**စီမံချက်များရေးဆွဲ**

သံမဏိများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် သွင်းအားစုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်စုဆောင်းထားရန်၊ စက်အရန်ပစ္စည်းများကိုလည်း ဖြည့်ဆည်းထားရန်၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်ဝန်ထမ်းများ ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ မကျန်ရှိစေရေးနှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် စီမံချက်များ၊ အချိန်ဇယားများ ရေးဆွဲဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့် စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊ NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထား သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့ကို အလွယ်တကူ ခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များအရ တွေ့ရှိရသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက်အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်း ပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခု အသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်



**နေပြည်တော် ဇွန် ၁၄**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာကမ်းထိုးရေယာဉ် ပထမအစင်းသည် ရခိုင်ပြည်နယ်အစိုးရမှ သစ်ခွဲသား ဆိုက်စုံ ၁၉၂၈ ချောင်း၊ စုစုပေါင်း ကုန်တန်ချိန်တန် ၄၀ အား စစ်တွေမြို့၌ တင်ဆောင်၍ မင်းပြားမြို့ဆိပ်ခံတံတားသို့ ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးသည်။

ထို့နောက် ၂၉ မီတာကမ်းထိုး ရေယာဉ်ဒုတိယအစင်းသည် မြန်မာ့သစ်လုပ်ငန်းမှ မျောချောင်း ၇၁၆ ချောင်း၊ စုစုပေါင်းကုန်တန်ချိန် ၁၈ တန်ကို စစ်တွေမြို့၌ တင်ဆောင်၍ ယနေ့နေ့လယ်ပိုင်းတွင် ဘူးသီးတောင်သို့ ထွက်ခွာသည်။

အဆိုပါစစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇွန် ၁၄**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါး၊ ကြက်ဥ၊ လက်ဖက်/အကြော်စုံ၊ ဟင်းသီးဟင်းရွက် စသည့်စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းနှင့် ဆေးပစ္စည်း ၂၁ ဒသမ ၃ တန်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ပို့ဆောင်ပေးသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၂၅ ဒသမ ၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၃၁၅ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့်ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုမှ အသင်းအပြောင်းအလဲဖြစ်ပြီး ယခင်ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် GFA အသင်းအစား အစားထိုးယှဉ်ပြိုင်ရသည့် Young Lionesses အသင်းသည် ပြင်ဆင်ချိန်နည်းပါးခဲ့ပြီး ဂိုးပြတ်အရှုံးနှင့် စတင်ခဲ့သည်။ Young Lionesses အသင်းသည် ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းမှာမူ Young Lionesses အသင်းထက် အတွေ့အကြုံများသူများ ပါဝင်ခဲ့ပြီး အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၆၉ မိနစ်တွင် မေသက်ဦး၊ ၄၃ မိနစ်တွင် မိုးမိုးသန်းနှင့် မိနစ် ၉၀ တွင် စန္ဒာလင်းတို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း မထင်မှတ်ဘဲ ရုန်းကန်ခဲ့ရသည့်ပွဲဖြစ်ပြီး နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းခဲ့သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသင်းသစ် ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ပထမဆုံးပွဲမှာပင် မထင်မှတ်သည့် စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက မထင်မှတ်ဘဲ ဖိအားပေးကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ဇင်မိုးပြည့်က ၁၄၊ ၂၉ မိနစ်တွင် ဂိုးများသွင်းယူပြီး ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ချေပဂိုးရရန် အားထည့်ကစားလာပြီး ၅၅ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က ပထမချေပဂိုး၊ ၇၉ မိနစ်တွင် လင်းလဲ့ဦးက ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ပထမဆုံးပွဲတွင် အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ၉၀+၃ မိနစ်တွင် လင်းမြင့်မိုရ်က အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် ဇွန် ၁၅ ရက် **(ယနေ့)** တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- MWL**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

**မိုး/ဇလ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်း ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ သုံးပါးရတနာစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျစာသင်တိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသံ့တကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာတိလောကာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရှင်အရဟံသိမ် အနောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တပ်ဦးဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့လယ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ကြောက်ချော ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာမြို့နယ်တွင် စက်မှုကုန်ကြမ်းဝါးပျိုးပင်များ စိုက်ပျိုး

**ကသာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သောဝါးပျိုးပင်များ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုး ကြီးကြပ်၍ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသက်ထွန်းဦး ဦးစီးသော သစ်တောဝန်ထမ်းများသည် ဝါးပိုးဝါးနှင့် ဝါးဖြူဝါးပျိုးပင်များကို ကသာမြို့ဂေါက်ကွင်းနေရာတွင် အပင် ၁၀၈၀၊ အိမ်တွင်းမှုသင်တန်းကျောင်းဝင်းအတွင်း၌ အပင် ၂၅၀၊ သစ်တောရုံးဝင်းအတွင်း၌ အပင် ၃၂၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။



မြို့နယ်သစ်တောဦးစီးဌာနမှ ဝါးပိုးဝါးနှင့်ဝါးဖြူဝါး ပျိုးပင် ၄၀၀၀ ကို အောင်မြင်စွာပျိုးထောင်ထားပြီး ကျန်ပျိုးပင်များကို ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူများအား ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသက်ထွန်းဦးထံမှ သိရသည်။ ထိုကဲ့သို့ ဝါးပျိုးပင်များစိုက်ပျိုးရခြင်းမှာ စက်မှုကုန်ကြမ်းအဖြစ် ရည်ရွယ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၂၅) ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့)သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်းအသိပညာပေး သင်တန်းအမှတ်စဉ် (၂၅) ဆင်းပွဲအခမ်းအနားကို ဇွန် ၁၂ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းအောင်မြင်စွာပြီးမြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများနှင့် ပညာရှင်သင်တန်းဆရာ ဆရာမများအား အထူးကျေးဇူးတင်ရှိကြောင်းနှင့် သင်တန်းအမှတ်စဉ် (၂၆) ကို ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ထို့နောက် အသင်းနာယက ဦးဆန်းလွင်၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်းအသိပညာပေး သင်တန်းအမှတ်စဉ် (၂၅) သို့ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းတိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချရွှေသချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**





# "လက်ဆောင်မွန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **"လက်ဆောင်မွန်" တေးဂီတဖျော်ဖြေပွဲ** ကို ဇွန် ၁၆ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **"မြန်မာ့အသံတေးဂီတ"** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ စိမ့်နေခြည်၊ မေသက်ထားဆွေနှင့် ချစ်စုစံတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇွန် ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၂၀၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၄၈၃ | ၃၈၅၈၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၅၀၀ | ၁၄၅၀၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၉၆၀၀ | ၁၃၉၂၀၀၀၀ |
| TMH | ၂၄၅၀ | ၂၄၀၀ | ၅၄ | ၁၂၉၈၀၀ |
| EFR | ၂၅၀၀ | ၂၄၅၀ | ၁၂၄ | ၃၀၈၉၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၂၁၈ | ၁၀၄၆၆၀၀ |

ညီညီ - စုစည်းသည်

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီထောက်ပံ့ရန် ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်အား သုဝဏ္ဏဘောလုံးကွင်းတွင် (၁၆-၆-၂၀၂၃)၊ (၁၇-၆-၂၀၂၃)ရက်များတွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါသည်။ ထိုအစီအစဉ်များအား ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများက ဦးစီးဦးဆောင်ပြီး အနုပညာရှင်များက မေတ္တာဖြင့် ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ထိုအစီအစဉ်ကိုလည်း MRTV ရုပ်သံနှင့် Sky Net ရုပ်သံတို့၏ Channel အသီးသီးတွင် ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ပါသည်။ ယင်းနေ့များတွင် အနုပညာရှင်များက သင့်တော်မည့်တေးသီချင်းများကို အသုံးပြုဖျော်ဖြေသွားမည်ဖြစ်ပါသဖြင့် မေတ္တာဖြင့် အသုံးပြုခွင့်ပေးပါရန် မူပိုင်ရှင်များအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားအပ်ပါသည်။

**(ရန်ပုံငွေဘောလုံးပွဲကျင်းပရေးကော်မတီ)**

## မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ ၂၀၂၃ခုနှစ် ဇူလိုင်လအတွက်အသုံးပြုရန် ဒီဇယ်ဆီ ၁၂၀၀၀၀ဂါလန်၊ Octane-92 (၁၀၀၀၀)ဂါလန်နှင့် ပရီမီယမ် ဒီဇယ်ဆီ (၂၈၅၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၂၃ ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၅-၆-၂၀၂၃ ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂ လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန

(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၁၉-၆-၂၀၂၃ ရက်

(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၆)ထပ်ဆောင်အစည်းအဝေးခန်းမ

(စ) တင်ဒါ(၁)စုံရောင်းဈေးနှုန်း - ပစ္စည်း(၁)မျိုးလျှင် ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သောကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည်တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(ဂ/၄၇)ဟုခေါ်တွင်သော အရှေ့(၂၈)ပေ၊ အနောက်(၂၆)ပေ၊ မြောက်(၈၀)ပေ၊ တောင်(၇၆)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုဝယ်လ် ၁၂/လကန(နိုင်)၀၇၃၂၉၈ ထံမှ ဝယ်ယူရန် ဦးသူရိန်ကိုကို ၁၂/ပဘတ(နိုင်)၀၀၀၉၅၆က စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်+အိမ်အား ဝယ်ယူရာတွင် ကန့်ကွက် မည့်သူရှိပါက ယနေ့မှစ၍ ၃ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေကွက်+အိမ်အား အပြီးအပိုင် ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရိန်ကိုကို၏ ညွှန်ကြားချက်အရ**
**ဦးတင်အောင်ကြည်(ငါးသိုင်းချောင်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၁၃၁/၂၀၁၇)**
**ဖုန်း-၀၉- ၄၂၀၀၁၈၇၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/4052, Toyota Townace CM85, P/U(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၁၂/သဃက(နိုင်)၁၅၅၄၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/8083, JAC HFC 1036 K ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၂/ဒဂဆ(နိုင်)၀၁၂၀၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်ဗဟိုကာကွယ်ဆေး သိုလှောင်ရုံအအေးခန်း(သမိုင်း)မှ တိုင်းဒေသကြီး/ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက် ကာကွယ်ဆေးသိုလှောင်ရုံအအေးခန်းများသို့သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက် ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိန်မီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူး ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါအမှတ် - Tender.6.Vaccine Transport (2023-2024)
တင်ဒါစတင်သည့်ရက် - ၁၅- ၆ -၂၀၂၃ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၂၈-၆-၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းတင်ဒါ Lot(၁၈)ခု အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၃-၂၀၂၄(ဧပြီလမှ မတ်လ) ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ် ခေါင်းစဉ်မှကျခံ၍ လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း Lot (၁၈)ခုအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း တင်ဒါ လျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - ၁၄-၆-၂၀၂၃ရက် ၊(ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့် အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) ၁၆:၃၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်နှင့် အချိန် - ၃၀-၆-၂၀၂၃ရက်၊ (သောကြာနေ့)နံနက် ၉:၃၀နာရီ မှ ၁၆:၃၀နာရီအထိ

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာ ဝယ်ယူထားသည့် ကုမ္ပဏီများအား ၂၈-၆-၂၀၂၃ရက်နေ့ နံနက် ၁၀ နာရီတွင် တင်ဒါကိစ္စများ ရှင်းလင်းခြင်း အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန် ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၉- ၄၄၁၀၂၁၄၂၃ ၊ ၀၉- ၄၃၁၀၀၆၄၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - (၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက် (ကြာသပတေးနေ့)၊ ၀၉:၃၀နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်မဲခရိုင်၏ ဖုန်း-၀၈၂-၂၉၄၀၀၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများကို အောက်ပါအတိုင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရန်ကုန်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ သို့ သယ်ယူပို့ဆောင်ပေးခြင်း၊

(ခ) နေပြည်တော်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း။

၂။ လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အချိန်မီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

တင်ဒါအမှတ် - Tender.5a.Transport.YGN(2023-2024)
- Tender.5b.Transport.NPW (2023-2024)
တင်ဒါစတင်သည့်ရက် - ၁၅ - ၆ - ၂၀၂၃ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့် အချိန် - ၂၈ - ၆ -၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင် လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားတင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ)တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက်(ကြာသပတေးနေ့) (၀၉:၃၀)နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကွတ်ခိုင်ခရိုင်၏ ဖုန်းနံပါတ်- ၀၉-၄၅၆၉၅၃၂၄၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးခရိုင် လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လမ်းဦးစီးဌာန၊ လားရှိုးခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class-A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို လုပ်ငန်းတင်ဒါ စနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအားတင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၄/၂၀၂၃-၂၀၂၄)

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့)အထိ (ရုံးချိန်အတွင်း)

(ခ) Pre-Bid Meeting ကျင်းပမည့်ရက်/အချိန် - ၂၇-၆-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၈-၆-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ဃ)တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် - ၂၉-၆-၂၀၂၃ရက်(ကြာသပတေးနေ့) (၀၉:၃၀)နာရီ

(င) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊ လားရှိုးမြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လားရှိုးခရိုင်၏ ဖုန်းနံပါတ်- ၀၈၂-၂၂၀၃၀၅၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8136 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)ကျောင်း၊ Grade-5 မှ မောင်အောင်ထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်သန်း ၁၁/ကဖန(နိုင်)၁၅၄၀၅၅ ဖြစ်ပါကြောင်း။

**ဦးကျော်မြင့်သန်း**

## ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးဇော်ထူး ၁၂/ကမရ(နိုင်) ၀၂၈၉၈၆ ပိုင်ဆိုင်သော ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်(၁) မြေကွက်အမှတ် A-၉၂/A-၉၃ ၏ လုပ်ကိုင်ခွင့်ကတ်ပြားမူရင်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ၁၀ရက်အတွင်းခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇော်ထူး ၁၂/ကမရ(နိုင်)၀၂၈၉၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/78060, Toyomax-125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/2428, FORD Ranger, Pickup(4x4)L ယာဉ်လက်ဝယ်ရှိသူ Myanmar Hyde Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/82527, ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၇/အတန (နိုင်)၀၂၃၈၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5855, NISSAN AD VY12, STATION WAGON (4x2) (R) ယာဉ်လက်ဝယ်ရှိသူ D HIAY THEINGI ၅/မရန(နိုင်)၁၃၈၃၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁ခ)၊ ဦးပိုင်အမှတ် (၇၄/၃ခ)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေကွက်သည် ဒေါ်အောန်တောင် အမည်ဖြင့် မြို့မြေခွန်ပြေစာ စည်းကြပ်လျက်ရှိရာ ယခုအခါ ဒေါ်အောန်တောင် ၁/မကန(နိုင်)၁၈၈၃၄၈ အမည်ဖြင့် မြေခွန်ပြေစာတင်ပြ၍ မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း(၂)ရပ်ကွက်၊ ဗိုလ်တာရာ(၂)လမ်း၊ မြေကွက်အမှတ်(၁၄၉)ဟုခေါ်တွင်သည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း)ရှိ မြေအကျယ်အဝန်း(အလျား၂၁ပေxအနံပေ၆၀)ရှိသည့် မြေ၊ မြေကွက်နှင့်တကွ ပတ်သက်ဆက်နွယ်သည့် နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များ အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင် စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုကြသူ ဒေါ်ခင်မာလာ ၁၂/ဥကတ(နိုင်)၁၀၆၁၈၁၊ ဒေါ်ခင်မာဝေ ၁၂/ဥကတ(နိုင်)၁၀၀၄၉၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မေသက်မွန် ၁၂/လသယ(နိုင်)၀၆၅၆၁၃၊ ဒေါ်ဝင်းသန္တာ ၁၂/သဃက(နိုင်)၁၆၃၈၇၆ တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးလူမော်ထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၉)**
**အမှတ်(၉၄၁/က)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၃၀၀၀၆၂၆၊ ၀၉-၄၅၆၃၃၂၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ အေးရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၄၈၃) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဖေ(CJ-007080)ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကောင်းချစ်ဘို ၁၂/မရက(နိုင်)၁၃၆၂၀၈ ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသူထူးစံ ၁၂/ဒဂမ(နိုင်)၀၃၀၁၈၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စမ်းစမ်းမြင့် ၁၂/မဂတ(နိုင်)၀၆၆၀၈၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ နီလာ(၁)လမ်း၊ မြေကွက်အမှတ် (၆၄၀) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၆၃၉)နှင့် ကပ်လျက်အခြမ်း မြေအလျားအနံ(၂၀x၆၀)မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဖေ (ISN-204446) ကွယ်လွန်သဖြင့် ၎င်း၏သားသမီးများဖြစ်သော ၁။ ဒေါ်စန်းသီတာ၊ ၂။ ဒေါ်နီလာသန်း၊ ၃။ ဦးသန်းထိုက်အောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးဦး ၈/မတန(နိုင်)၀၄၃၈၅၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ဖောင်းကြွနံ့ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/6319 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## ဖခင်အမည်မှန်

အမှတ်(၆၇၀/၆၇၁)၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 မှ ပညာသင်ကြားနေသော မနန်းယုမွန်၏ ဖခင်အမည်မှန်မှာ ဦးငဖြူချေ ၁၁/ ရဗန(နိုင်)၁၁၂၈၅၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေပြည်စိုး(၅)လမ်း၊ မြေကွက်အမှတ်(၁၃၂၆/ခ)၊ ပေ(၂၀x၆၀)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြင့်မော် အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဆွေ ၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈ မှ ၎င်းလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးသက်နောင်စိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသိန်းထူး LL.B | ဦးဇော်မိုးလွင် LL.B |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်(တောင်)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက်အမှတ်(၂၅)၊ ပထမထပ် ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲxပေ၅၀) တိုက်ခန်း(၁)ခန်းနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအုန်းမြင့် ၁၂/စခန(နိုင်)၀၁၁၁၈၄ ထံမှ ကျွန်ုပ်ဦးစံဝင်းက စရန်ငွေ တချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစံဝင်း**
**တိုက်(၉)၊ အခန်း(၃၁)၊ ကြီးပွားရေးအိမ်ရာ၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၈၃၃၈၁၆၇၊ ၀၉-၂၀၂၆၃၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄၄/အသံအနံ့စက်မှုဇုန်)၊ အမှတ်(၅၈၅)၊ ဦးကိုကိုလွင် အမည်ပေါက် စက်မှုလက်မှုလုပ်ငန်း ပါမစ်မြေ အကျယ်အဝန်းပေ(၄၀x၆၀)မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များအရ ဦးခင်မောင်ထွေး ၁၂/သဃက(နိုင်)၁၇၉၃၈၄ မှ လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးကျော်နိုင် | ဒေါ်အိအိဖြူ(LL.B, D.B.L) |
| ၅/ဆလက(နိုင်)၀၄၉၁၉၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၁) |
| | ဖုန်း-၀၉-၄၂၁၁၃၇၄၆၄၊ ၀၉-၉၇၇၉၀၀၂၀၃ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ဈ၊ မြေကွက်အမှတ်-၉၉/ခ၊ ၁၂၀၀ စ/ပေမြေကွက်တည်နေရာအမှတ်(၉၉/ခ)၊ စက္ကဝတ်(၅)လမ်း၊ (ဈ)ရပ်ကွက်၊ ဦးသိန်း ၁၂/ဥကမ(နိုင်)၀၂၁၇၉၄ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးသိန်း(ဖခင်)သည် ၆-၁၀-၂၀၀၃ရက်တွင်လည်းကောင်း၊ ဒေါ်လှကြင်(ခ) ဒေါ်လှကျင်(မိခင်)သည် ၂၉-၇-၁၉၇၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးအေးသိန်း၊ ဦးအုန်းငွေ ၉/မနမ(နိုင်)၀၉၃၅၈၄၊ ဒေါ်စန်း ၁၂/ဥကမ(နိုင်)၁၀၃၅၈၈ သားသမီး(၃)ဦးမွေးဖွားခဲ့ရာ ဦးအေးသိန်း(အစ်ကို)ဖြစ်သူသည် ၂-၇-၂၀၁၉ ရက်တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသား သမီးများလည်းမွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့်ဦးအုန်းငွေနှင့် ဒေါ်စန်းတို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သား/သမီးများတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်-၂၇၃၇/ ၂၀၂၂/၂၁-၁၀-၂၀၂၂၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဦးအုန်းငွေ၊ ဒေါ်စန်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၁၄၆/၂၀၂၂/၃၀-၉-၂၀၂၂ဖြင့် ရရှိသူ ဒေါ်ဖြိုးဖြိုးခိုင် ၁၂/ထတပ(နိုင်)၁၁၃၁၆၀ မှကိုယ်စားလှယ်လွှဲစာ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7098 Mitsubishi Colt221A, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ညွှန့် ၉/အမရ(နိုင်)၀၃၂၇၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၅၈၇၇၇၆ Suzuki Smash-110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၈/မဘန(နိုင်)၀၅၅၉၉၄ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ရဲသူရိန်လမ်း၊ မြေကွက်အမှတ်(၂၇၆/ခ)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဒေါ်အိအိထွေး(၁၄/ဖပန(နိုင်)၀၀၀၃၄၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ကျော့ကေခိုင်(၁၄/ပသန(နိုင်)၁၉၁၂၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဇော်မျိုးနိုင် LL.B, D.B.L | ဦးတင်ကိုလှိုင် LL.B |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/မြေညီ)၊ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၅၀၂၉၀၇၈၁၊ ၀၉ ၂၅၀၉၇၁၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေပြည်စိုး(၅)လမ်း၊ မြေကွက်အမှတ်(၁၃၂၆/က)၊ ပေ(၂၀x၆၀)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သန်းအေး အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဆွေ ၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ ဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသိန်းထူး LL.B | ဦးဇော်မိုးလွင် LL.B |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ အ.လ.က (ခွဲ) ကျီစုအနောက်၊ Grade-4မှ မကြယ်စင်မိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးစန်းလင်းကို ၁၂/ဒဂတ(နိုင်)၁၀၄၃၃၂ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာနေ (ဘ)ဦးသောင်းစိန်၏သား ကျွန်တော် ဦးအောင်ရွှေ ၈/ဆပဝ(နိုင်)၀၇၂၀၀၃၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(ME- 716099) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၃၃၈၃၀၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/72693 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၂/လကန(နိုင်)၀၈၉၆၆၅ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၂) လိပ်စာပါ အကျယ်အဝန်း (အလျား ၁၄ ပေxအနံ ၅၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်ခံနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးထွန်းအောင်ကျော် ၁၂/သဃက(နိုင်)၀၃၈၂၁၃၊ ဦးခင်မောင်ဌေး ၁၂/သဃက(နိုင်)၀၄၉၀၇၉၊ ဒေါ်မကလေး ၁၂/သဃက(နိုင်)၁၀၅၇၃၉၊ မောင်ပြည့်ဖြိုးအောင် ၁၂/သကဃ(နိုင်)၁၈၇၈၉၈၊ မကေဇင်မိုး ၁၂/သဃက(နိုင်)၁၉၅၂၉၀၊ မောင်ရဲမြတ်မင်း ၁၂/သကဃ(နိုင်)၂၁၇၉၅၉ တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသောကြောင့် ကျွန်တော် ဦးကျော်ဇင်လင်း ၁၂/သဃက(နိုင်)၁၇၅၃၃၉၊ ကျွန်မ ဒေါ်အေးမြသီတာ ၁၂/ကမတ(နိုင်)၀၆၂၈၉၅ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကျော်ဇင်လင်း ၁၂/သဃက(နိုင်)၁၇၅၃၃၉**
**ဒေါ်အေးမြသီတာ ၁၂/ကမတ(နိုင်)၀၆၂၈၉၅**
**ဖုန်း ၀၉-၈၈၃၆၉၈၈၆၀၊ ၀၉-၇၈၆၈၀၁၀၃၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 38W/6334 ယာဉ်လက်ဝယ်ရှိသူ ဦးအလက်စန္ဒား ၂/ဖရဆ(နိုင်)၀၁၂၆၅၁ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 14W/53180 Luojia Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၁၀/ဘလန(နိုင်)၀၁၂၀၈၅ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၁၄

**ကွယ်လွန်သူ ဦးသောင်းတင် ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဦးမြစံ(ဘ)ဦးသောင်းတင် **လျှောက်ထားသူ**
ဝက်ကြီးအင်းရပ်၊ ညောင်ဦးမြို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ ဝက်ကြီး အင်းရပ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသောင်းတင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမြစံက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၀ ရက်(၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောင်းတင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၀ ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်)တွင် မိမိတို့ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးမြစံ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ် )**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီ

### ဈေးပြိုင်လေလံရောင်းချခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အလျား ၁၉၆ပေ၊ အနံ ၅၈ပေ၊ အမြင့် ၁၈ပေရှိ မြို့နယ်ခန်းမဟောင်း(သစ်သားတိုင်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း(၁) ထပ် အဆောက်အအုံ (၁)လုံးအား ဖျက်သိမ်းခြင်းနှင့် ဆယ်တင်ပစ္စည်းရောင်းချခြင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ စာရွက်စာတမ်းအပြည့်အစုံကို ၁၃-၆-၂၀၂၃ရက်မှစ၍ မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်းကို အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) တင်ဒါဖွင့်ဖောက်မည့်နေရာ - မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန် - ၁၄-၇-၂၀၂၃ရက်၊ ၀၉:၀၀နာရီ

(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်/အချိန် - ၁၄-၇-၂၀၂၃ရက်၊ ၁၀:၀၀နာရီ

၃။ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသော အချက်များကို ဖုန်း-၀၉-၄၃၀၃၉၂၅၆၊ ၀၉-၄၂၁၀၇၂၃၀၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မော်လိုက်ခရိုင်၊ မော်လိုက်မြို့၊ မြို့မ (၁)ရပ်ကွက်၊ အကွက်အမှတ် (၁၇/ကျောင်းတောင်ရပ်)၊ ဦးပိုင်အမှတ် (L.၈၈/ခ)၊ မြေဧရိယာ ၀ဒသမ၀၃၄ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၃၅/၂၀၁၁)ဖြင့် ဒေါ်ခင်သန်းကြွယ် အမည် နှင့် ၆-၅-၂၀၂၂ရက်ထိ (၁၀)နှစ်အငှားဂရန် ရရှိခဲ့သောမြေပေါ်တွင် ဆောက်လုပ်အသုံးပြုထားသည့် လူနေထိုင်ရန် အဆောက်အအုံအား တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်နေပါသဖြင့် ဒေါ်ခင်သန်းကြွယ် ၅/မလန(နိုင်)၀၀၁၈၈၆ အမည်ဖြင့် စက်မှု/စီး ပွားမြေငှားဂရန်အသစ် ချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် မည်သူမဆို မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**လက်ထောက်ကော်လိတ္တော်အရာရှိ**
**မော်လိုက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လိုက်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၈လမ်း၊ တိုက်အမှတ်(၁၆၈)(ဒုတိယထပ်)၊ အကျယ်အဝန်း(၂၅ ပေ x၄၀ပေ) တိုက်ခန်းအကျိုးခံစားခွင့်အားလုံးတို့သည် ဦးကိုကိုနိုင် ၁၂/ပဘတ(နိုင်) ၀၁၇၇၆၉ နှင့် မောင်နမ(၇)ဦးမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိလာခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်သဘောတူပြီးတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှခိုင်(လိုင်စင်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၉၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း- ၀၉- ၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃**

## လူပျောက်ကြော်ငြာ

